**(၁) ဖားဥမှိုရောဂါ (Powdery Mildew)**

**ရောဂါဖြစ်စေသက်ရှိ (*Oidium nephelii*)**

**ရောဂါလက္ခဏာများ**

မှိုမျှင်များကို အသီးကင်းဝင်စအရွယ်တွင် အသီးပေါ်၌ တွေ့ရသည်။ မှိုစပိုးများ သည် လေမှတဆင့် ကူးစက်ပျံ့နှံ့ပြီး အရွက်နှင့် ပန်းခိုင်များတွင်လည်း တွေ့မြင် ရပါသည်။ ရောဂါပြင်းထန်လာသည်နှင့်အမျှ ရောဂါကျသောအပိုင်းများကို အဖြူရောင်မှိုမျှင် များက ဖုံးအုပ်သွားပြီး ရောဂါဖြစ်နေသော အသီးမှာလည်း အက်ကွဲသွားကာ အရွယ်မတိုင်မီကြွေကျသွားပါသည်။





**ကွယ်နိုမ်နင်းနည်းများ**

- ရောဂါကျရောက်သောအသီးနှင့် အကိုင်းများကို ဖြတ်တောက်ဖယ်ရှား ပစ်ပါ။
- ရွက်ကြွေများအားစုစည်းပြီး စွန့်ပစ်ပါ။
- ခြံသန့်ရှင်းရေး ဆောင်ရွက်ပါ။
- အောက်ပါမှိုသတ်ဆေးများကို အသုံးပြုနိုင်ပါသည်။
    - Difenoconazole (ဒီဖီနိုကိုနာဇိုး)

- Tebuconazole (တက်ဗျူကိုနာဇိုး)
- Surfur (ဆာလ်ဖာ)
- Kresoxim - Methyl (ကရီဆိုဇင်မ်-မီသိုင်း)
- Trifloxystrobin (ထရိုင်ဖလောက်ဆီစထရိုဘင်)